မိတ်ဆွေများအားလုံးအတွက် ပညာ
mgyoe.com

# နှင်းပန်းတွေ ပွင့်တယ်

အောင်ကောင်းမြင့်

mgyoe.com

mgyoe
ရွက်လွှင့်ခြင်းဆိုသည်မှာ
ကောင်းကင်ရနံ့ကို ခူးဆွတ်ဖို့
လွမ်းတဲ့ငှက်များရဲ့ ချစ်ခြင်းဟု
အဖြူရောင်အဘိဓာန်၌ ဖွင့်ဆို။

အတိုင်းအထွာ တိကျနေအောင်
တစ်ဘဝလုံး ရင်းထားရတာလေ
တွေ့ကရာ စရွေးပေါက်တိုင်း
ဘဝကို ထိုးထည့်မထားနိုင်ဘူး။

တကယ်ဆိုရင် ကိုယ့်သမိုင်းကို
မိမွေးတိုင်း ဖမွေးတိုင်း ထားရဲ့ရပါမည်
ကမ္ဘာမြေရဲ့ရင်ဘတ်မှာ
ဘယ်နှဇကေ စိုက်ပျိုးနိုင်ခဲ့ပြီလဲ
ခုတော့ လွင်တီးခေါင်
ငါ့မှာ တောမီးလောင်ပေးလိုက်ရတာလည်း အကြိမ်ကြိမ်။

မည်သူကမှ ဖြားယောင်းသွေးဆောင်မှု မရှိခဲ့ပါ
တစ်ခါတစ်ရံ ဘဝဆိုတာ
ကိုယ်တင်တဲ့ မင်းသမီး
အကယ်ဒမီ မရလိုက်တာလည်း ရှိ
ရယ်ဖို့တော့လည်း အကောင်းသား။

# နှင်းပန်းတွေ ပွင့်တယ်

အောင်ကောင်းမြင့်



POEM0103
2,500.00 KS

mgyoe.com

ဒီနေ့ ပန်းတွေပွင့်တယ်၊ အောင်ကောင်းမြစ်
မျက်နှာဖုံးပန်းချီနှင့် အတွင်းပန်းချီ- ကောစာချို
စာမျက်နှာ ၁၄၁ မျက်နှာ၊ ၁၃·၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# ဒီနေ့ ပန်းတွေပွင့်တယ်

မဂ္ဂဇင်းဖြတ်သန်းမှုကဗျာများ

အောင်ကောင်းမြစ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ


| | | |
|---|---|---|
| – | ဖော်ဖော်အောင်၏အမှာ | ၅ |
| – | ဝင်းဖေမြင့်၏အမှာ | ၇ |
| – | ပြောချင်တာလေးနဲ့ကျေးဇူးစကား | ၉ |
| – | ကဗျာ | ၁၁ |
| ၁။ | ပြဒါးလူးမြား | ၁၃ |
| ၂။ | တောင်ပံကျိုးည | ၁၆ |
| ၃။ | မြောနေတဲ့လူနာ | ၁၈ |
| ၄။ | အတွင်းအားစစ်တမ်း | ၂၀ |
| ၅။ | ခုတလော တွေ့တွေ့နေရတဲ့ယတြာ | ၂၂ |
| ၆။ | ဝါဆိုဝါခေါင် ရေဖောင်ဖောင် | ၂၄ |
| ၇။ | ချောတိုင်တက်ပွဲ | ၂၆ |
| ၈။ | အမှုစစ်သီဝရီ | ၂၈ |
| ၉။ | ကောက်ရိတ်သိမ်းရာသီ | ၃၀ |
| ၁၀။ | အဆုတ်များရဲ့ရာဇဝင် | ၃၂ |
| ၁၁။ | အညာဆန်သဘော | ၃၄ |
| ၁၂။ | မြေပုံညွှန်း | ၃၅ |
| ၁၃။ | မိုးသည်းညလမ်းခွဲ | ၃၈ |


mgyoe.com

mgyoe.com


၁၄။ ညှော်သည့်ကြိုးနှစ်ယောက် ၄၁
၁၅။ တန်ဖိုးတို့၏နေရာ ၄၃
၁၆။ မြည်သံစွဲည ၄၅
၁၇။ ပိုစတာများ ၄၇
၁၈။ ဝတ်စုံပြည့်ည ၄၉
၁၉။ ပန်းခင်း ၅၀
၂၀။ ဝတ္ထုကြိုက်တဲ့ ညနေခင်းညီမလေး ၅၂
၂၁။ ဒီနေ့ ပန်းတွေပွင့်တယ် ၅၆
၂၂။ လွမ်းလောက်တဲ့ရာသီ ၅၈
၂၃။ မုန့်ဖုတ်သူများ ၆၀
၂၄။ အမေ ၆၁
၂၅။ အဓိပ္ပာယ်ရှိရှိခြေသံ ၆၃
၂၆။ ကျင့်စဉ် ၆၅
၂၇။ ပုံပြင်သစ် ၆၇
၂၈။ ပန်းချီဆရာ ၆၉
၂၉။ ငှက်ကလေးတစ်ကောင် ၇၁
၃၀။ ရုပ်ကြွင်း ၇၃
၃၁။ အဝေးရောက် ငြိမ်းချမ်းရေးကဗျာ ၇၄
၃၂။ ငါ့မှာ မသိခြင်းတွေနဲ့ ၇၆
၃၃။ အလွမ်းရှင်းတမ်း ၇၈
၃၄။ လောကကြီးကို ချောင်းကြည့် ၇၉
၃၅။ ငါတို့ဟာ ဒါရိုက်တာများ ၈၁
၃၆။ ခေါင်းစဉ်နဲ့အတူပြေး ကဗျာနဲ့အတူလိုက် ၈၂
၃၇။ နာရေး ၈၄
၃၈။ နွေ ၈၅
၃၉။ အိမ်အပြန် ၈၆
၄၀။ အရေးပေါ် ၈၇
၄၁။ ဟုတ်တယ် အချိန်တန် အိမ်ရာတွေဆီ ပြန်ကျလာမယ် ၈၈


mgyoe.com

mgyoe.com


၄၂။ လောကခံလှေကား ၈၉
၄၃။ ချိုမြသစ်သီး ၉၀
၄၄။ ခမ္မစစ်သည်တော် ၉၂
၄၅။ ယနေ့ တနင်္ဂနွေ ခင်ဗျားမမေ့ပါနဲ့ ၉၃
၄၆။ ငါများ နေညိုခဲ့တယ် ၉၅
၄၇။ ကောင်းဘွိုင်မြို့ ၉၆
၄၈။ အေးလွန်းရင် လောင်တယ် ၉၇
၄၉။ ကျွန်ုပ်တို့သည် တလူလူနဲ့ တလွင့်လွင့် ၉၈
၅၀။ ရောဝတီ အမိဌာန် ၉၉
၅၁။ ရန်ကုန်ညနေ ၁၀၁
၅၂။ ဆောင်းနံနက်ခင်းများ ၁၀၂
၅၃။ ခွပ်လိုက်ကြစို့သူငယ်ချင်း
အောက်အိအီးအွတ်များ ရှိတယ် ၁၀၃
၅၄။ ငါတို့ရွာကို ပြန်ပေးပါ ၁၀၅
၅၅။ ဆင်ဖိုနီနွေဦး ၁၀၇
၅၆။ သကြံန် ၁၀၈
၅၇။ ပြည်သူနှင့်အတူ ၁၀၉
၅၈။ နံနက်ခင်းရေ ကြိုလိုက်တော့ ၁၁၀
၅၉။ အိမ်လည်သွားကြသူများ ၁၁၁
၆၀။ မှော်ရုံတောသွား တောလား ၁၁၂
၆၁။ ပန်းဆိုးတန်းနံနက်ခင်း ၁၁၃
၆၂။ အမိန့်တစ်ရွက် ကြွေကျလာတယ် ၁၁၄
၆၃။ ရွာလမ်းကလေး ၁၁၅
၆၄။ သမိုင်းကို ငါရေးတယ်အပြီးမှာ နီရိုးတွေ တောရိုင်းထ ၁၁၆
၆၅။ ပန်းအိပ်ပန်းနိုးည ၁၁၇
၆၆။ ဆယ့်တစ်မီးထွန်းတဲ့ ညနေ ၁၁၈
၆၇။ ခြောက်ဆယ်ပြည့်မွေးနေ့ ၁၁၉
၆၈။ လွန်ခဲ့သော နှစ်သုံးဆယ်ကတည်းက ၁၂၀


mgyoe.com

mgyoe.com


၆၉။ ထောင်မင်းသားနဲ့ တော်လှန်ရေး ၁၂၂

၇၀။ ငါသို့ ပွင့်ပါစေ ၁၂၄

၇၁။ ကျွန်တော်တို့ကို ထီးမိုးပေးပါ ၁၂၅

၇၂။ ကြောင်သင်တန်း ၁၂၆

၇၃။ ငါ့စာအုပ်ကို ငါဖတ်တယ် ၁၂၇

၇၄။ သုံးမိနစ်ပဲစောင့် ၁၂၈

၇၅။ တိုကင်နံပါတ်ဆယ့်ကိုး ၁၃၀

၇၆။ ကျွန်တော့်မှာ နေဖွယ်ရာမရှိ ၁၃၁

၇၇။ ဒီတစ်နှစ် မိုးရာသီဇာတ်လမ်း ၁၃၃

၇၈။ မီးတောင်ပေါက်တဲ့ည ၁၃၄

၇၉။ နှစ်ဆန်းခဲ့ပြန်ပြီ ၁၃၅

၈၀။ ခရီးက ငါ့ကိုခေါ်တယ် ၁၃၇

၈၁။ အေး ငါ့လိပ်စာလား ဒီကမ္ဘာကြီးဆို ရောက်တယ် ၁၃၈

၈၂။ မိုးရဲ့ ၁၃၉

၈၃။ တီထွင်သူများသို့ တောင်းဆိုချက် ၁၄၀


mgyoe.com

mgyoe.com

## အမှာဝါကျများ

ဆရာမ ခြစ်ပေးလိုက်တဲ့
ကျောက်သင်ပုန်းထက်က
ချိတ်ကောက်ကလေး ဆုပ်ကိုင်ပြီး
ဘဝကို အသေအကျေ ကျင်းစိမ်နေခဲ့တာ
ခုချိန်ထိ ကျင်းမဝင်သေးဘူး။

**အောင်ကောင်းမြစ် "ပန်းခင်း"**

ရိုက်ချက်တွေက အားပျော့၊ ဒိုးချက်တွေက လွဲချော်။ ကျွန်တော် အခု ဒီအမှာစာရေးနေတဲ့အချိန်မှာ အသက် ၆၆ နှစ်ကျော်ခဲ့ပြီ။ ကျွန်တော်လည်း အခုအထိ ကျင်းမဝင်သေးဘူး ကိုအောင်ကောင်းမြစ်။ လူ့ဘဝရဲ့ သက်တမ်းတစ်ဝက်ကျော်တဲ့အထိ အသေအကျေ ကျင်းစိမ်ခဲ့ရပါတယ်။ ကြာလာတော့ ကျင်းဝင်တာ၊ မဝင်တာ ကျွန်တော့်ကိစ္စ မဟုတ်တော့သလို ဖြစ်လာတယ်။ ကျင်းမဝင်စေတဲ့ တခြားအကြောင်းတရားတွေ ရှိကောင်းရှိပါလိမ့်မယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ဖို့ အရေးကြီးတယ်ဆိုတဲ့ အသံ နားထဲမှာ ပြန်ကြားပြီး ကိုယ့်အလုပ်ကိုယ်လုပ်ခဲ့တာ

mgyoe.com

mgyoe.com



အခုထိ တစ်ဘဝလုံးဆိုပါတော့။ ကဗျာဆရာဆိုတာ ဂုဏ်သိက္ခာမြင့်မားတဲ့ အမျိုးအစားပါ။ ကဗျာစပ်တာ ခင်ဗျားတို့အလုပ်ပဲ။ ခင်ဗျားတို့အလုပ် ခင်ဗျားတို့ လုပ်ကြပါ။ ကဗျာဆိုတာ ဘယ်တော့မှ အလဟဿဖြစ်ရိုးထုံးစံ မရှိပါဘူး။

လောက,က ဖတ်ဖို့ စောင့်နေပါတယ်။

ဇော်ဇော်အောင်

၂၀၀၆။

✣

mgyoe.com

mgyoe.com

## အောင်ကောင်းမြစ်ရဲ့ ဒီနေ့ ပန်းတွေပွင့်တယ် ကဗျာစာအုပ်

သူနဲ့ ကျွန်တော်က တစ်မြို့ထဲသား
ငယ်ပေါင်းတွေ
အသက်ကလည်း သိပ်မကွာ
သူက ကဗျာတွေ ရေးတယ်
ကျွန်တော်က ပန်းချီဆွဲတယ်
ကဗျာရေးတဲ့ အလုပ်ကလွဲလို့ သူ ဘာမှမလုပ်
ကျွန်တော်လည်း ဒီလိုပဲ ဘာမှ မလုပ်တတ်ဘူး
ဒီလိုနဲ့ နှစ်ပေါင်းလေးဆယ် ကြာခဲ့ပြီ
ကျွန်တော် ပန်းချီနဲ့ ပျော်သလို
သူလည်း ကဗျာနဲ့ ပျော်နေတာ
သူက ကျွန်တော့်ထက် သာလိမ့်မယ်
အိမ်ထောင်မပြုပဲ ကဗျာတွေနဲ့ ပေါင်းသင်းနေထိုင်ခဲ့တာ
သူမွေးတဲ့အရပ် သူချစ်တယ်
သူနေတဲ့တိုင်းပြည် သူမြတ်နိုးတယ်

mgyoe.com

mgyoe.com



သူရေးတဲ့ကဗျာတွေ သူတန်ဖိုးထားတယ်
သူ့ကဗျာတွေထဲမှာ သူ့ခံစားမှုတွေပါတယ်
သူ့ကဗျာတွေထဲမှာ သူ့အတွေးတွေပါတယ်
သူ့ကဗျာတွေဟာ သူ့ဘဝ ဖြတ်သန်းမှုတွေပဲ
သူ့ကဗျာတွေဟာ သူ့ဘဝဖြစ်သလို
သူ့ဘဝဟာလည်း ကဗျာတွေ ဖြစ်နေတာပေါ့။

**ဝင်းပေမြင့်(WPM)**

**၁၇၊ ဒီဇင်ဘာ၊ ၂၀၁၉။**

✣

mgyoe.com

mgyoe.com

## ပြောချင်တာလေးနဲ့ ကျေးဇူးစကား

လွန်ခဲ့တဲ့ ဆယ်စုနှစ်တွေ၊ ဆယ်စုနှစ်တွေတုန်းကဆိုရင်တော့ အများကြီး ပြောဖြစ်မယ်ထင်ပါတယ်။ ဘဝမှာ အချိုးအကွေ့တွေ၊ တောင်တက်တောင်ဆင်းတွေ များလှပါတယ်။ အခုချိန်မှာတော့ ကျွန်တော့်မှာ ပြောစရာ သိပ်မရှိပါဘူး။ ကျွန်တော် ကဗျာတွေချစ်ခဲ့ပြီး ကဗျာတွေ ရေးခဲ့ပါတယ်။ ဒီလောက်ပါပဲ။

ပြောစရာဆိုလို့ မြန်မာကဗျာလောကမှာ လိုအပ်နေခဲ့တဲ့ ကွက်လပ်တစ်ခုဖြစ်တဲ့ တစ်နှစ်လုံးအတွင်းမှာ ထွက်ရှိခဲ့တဲ့ မဂ္ဂဇင်းအားလုံးထဲက ကဗျာတွေကို စိတ်ကြိုက်ရွေးချယ် စုစည်းထုတ်ဝေဖြစ်ခဲ့တာလေးတော့ ရှိပါတယ်။

"မန်းချောင်းလရောင်ထဲသို့ အုပ်ဖွဲ့ပျံသန်းလာကြသော ၉၅/ကဗျာငှက်များ" ဆိုတဲ့ ကဗျာဆရာ (၅၈) ဦးရဲ့ ကဗျာတွေပါ။

အဲဒီကာလတွေတုန်းက ကဗျာစာအုပ်ထုတ်ဝေကြပုံတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လို စီစဉ်ထုတ်ဝေသူ မရှိသေးတဲ့ အကြောင်း ဆရာတက္ကသိုလ်ဘုန်းနိုင်က အသေအချာ မှတ်

mgyoe.com

mgyoe.com


ချက်ပြု ရေးပေးခဲ့တဲ့အတွက် ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာကြီးကို အထူးတလည် ဂါရဝပြု မှတ်တမ်းတင်အပ်ပါတယ်။

နောက်တစ်ခု ပြောစရာက ကျွန်တော့်ကဗျာတွေကို ရွေးချယ်ဖော်ပြပေးခဲ့တဲ့ မဂ္ဂဇင်း၊ သတင်းစာ၊ ဂျာနယ်တွေနဲ့ သက်ဆိုင်ရာ အယ်ဒီတာများ၊ အခုလို တစ်စုတစ်စည်းတည်းဖြစ်အောင် ပထမဆုံး လုံးချင်းစာအုပ်အနေနဲ့ထုတ်ဝေပေးတဲ့ စိတ်ကူးချိုချို ပန်းချီတွေကို စိတ်ကြိုက် ယူသုံးခွင့်ပြုတဲ့ ပန်းချီဆရာ အစ်ကို ဝင်းဖေမြင့်တို့ကို အထူးပဲ ကျေးဇူးတင်ကြောင်း မှတ်တမ်းပြုအပ်ပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော့်ဘဝဖြတ်သန်းမှုတွေထဲမှာ ကဗျာတွေပါလာတာကိုတော့ အထူးပဲ ကျေနပ်လှပါတယ်။ အစ်ကို ဝင်းဖေမြင့်ပြောသလို ကျွန်တော်တို့ ပျော်ပါတယ်။


အောင်ကောင်းမြစ်

၂၁၊ ဒီဇင်ဘာ၊ ၂၀၁၉။

✣

mgyoe.com

mgyoe.com



# ကဗျာ

ခေတ်က သိပ်လှုပ်တာပဲ
ရင်နဲ့ ရှက်ခဲ့ရတဲ့ ကျွန်တော့် စကားလုံးအိုးလေးတွေ
မှောက်ခဲ့တယ်။

အောင်ကောင်းမြစ်

၂၁၊ ဒီဇင်ဘာ၊ ၂၀၁၉။

ပန်းချီ-ဝင်းဖေမြင့် (WPM)

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပြဒါးလူးမြား

မသေချာမှုတွေက
အပြင်းစားလျှောင်တစ်ခုလို
ဘဝကို ဇဟိုပြုရိုက်ခတ်
တရစပ် ပေါက်ကွဲ
ရင်ထဲက ချော်ရည်ပူတွေဟာလည်း
လူနေမှုတွန့်ခေါက်တောင်ကြောမှာ
ကွေ့ကောက်စီးဆင်း
အမှုအခင်းဖြစ်
အဲဒီ မြစ်မှာ
သေရည်ယစ်မူး
လူးလိမ့်နေတဲ့
အမုန်တရားရဲ့ လှေငယ်တစ်စင်း
မွန်းကျပ် စီးမျော ဝဲလည်လို့။

ဒါဟာ ရိုးသားမှု မဟုတ်ချေဘူး
ဝေဒနာကိုရင်း
စတေးခံခြင်းကို ပွေ့ဖက်
အောင်ကောင်းမြစ်အိပ်မက်တွေ
မေ့စက်ရာ ကွန်းခိုအိမ်
တိမ်တွေကို ကျောသပ်
အတောမသတ် ရယ်သွမ်းသွေးနေတာကတော့
ဟိုး အဝေးက တောင်တန်းကြီးတွေလေ။

mgyoe.com

mgyoe.com


အဲဒီမှာ
ငါ့ရဲ့ဒိုင်ယာရီဟာ
ယုံကြည်နှင်းထဲ ကခုန်
လင်းယုန်တောင်ပံ တဖျပ်ဖျပ်နဲ့
မြင့်မြတ်တေးကို ကျူးရင့်
ဆူးဝင့်နှင်းဆီ ဖြစ်ခဲ့။

ဟောဒီ တိတ်ဆိတ်လွန်းလှတဲ့ ညတွေက
ဝံပုလွေတစ်ကောင်ရဲ့ အပြုံး
သင်တုန်းဓားလို ထက်ရှ
ဒါတစ်ခုတည်းကိုပဲ ထုပ်ပိုးပြီး
အရုပ်ဆိုးအောင် မှုးပေ့ါ။

ငါ့ အသက်ရှူသံ
ပြန်ကြားရတဲ့ ည
မာရသွန် ကကြိုးရုပ်ရဲ့
ငုတ်တုတ် လင်းခဲ့ရတဲ့ ည
အဲဒီလို ညတွေရဲ့
လှိုင်းအလျားမဲ့ သံစဉ်တွေဟာ
ရာဇဝင်တွင်မယ့် တေးသွားတွေဖြစ်ရဲ့။

mgyoe.com

mgyoe.com


အရည်ပျော်ကျနေတဲ့
နာရီအိုများထဲက
လူ့ဆင့်ကဲဖြစ်စဉ် တစ်ခုဟာလည်း
ငိုချင်းသံရှည် ပျင်းတွဲတွဲ့
နွမ်းယဲ့ဟောက်ပက်မျက်လုံးကို
အဆုံးစွန် အမှောင်ချ
အသေကောင်လို အိပ်ခြင်းမျိုးနဲ့
အိပ်လို့။

ဒီမှာ လောကမှော်ဆရာရဲ့
မလှည့်ဖြားနဲ့ကွဲ့
ငါဟာ လက်စားချေခြင်းကို
ဟင်းကောင်းလို ချိုမြိန်တဲ့
စစ္စလီကျွန်းသား မဟုတ်
ဗုဒ္ဓရဲ့အဆုံးအမကို နာခံ
ကံကိုယုံ
သက်လုံကို အားကိုး
လွန်းထိုးနေတဲ့ မသိစိတ်ရထားကတော့
အက်စစ်မိုးခါးတွေကြားမှာ
ပြဒါးရည် လိမ်းကျံ
မိုးယံကို ဖောက်ထွင်း
မြားတစ်စင်း ဖြစ်ခဲ့ပေါ့။

**စာပေဂျာနယ်၊**

**မတ်၊ ၁၉၉၅။**

mgyoe.com

mgyoe.com


# တောင်ပံကျိုးည

နေလောင်သစ်သီးတွေနဲ့
ရိက္ခာဖူလုံနေတဲ့ အထီးကျန်မှုဟာ
လရောင်ဆမ်းညကို တရားမဝင် ပေါင်းသင်းလို့။

အိပ်မက်တွေဟာ
ကင်းစောင့်ခြေသံရဲ့
အခိုးအငွေ့တွေ ဖြစ်သွားခဲ့ပြီ။

ကောင်းကင်ရဲ့
ပုစ္ဆာတွေနဲ့ လင်းလက်
မျက်စိမှိတ်ပြနေတဲ့ ကြယ်ကလေးတွေက
ညရဲ့ မေးခွန်းလွှာတွေပေါ့။

ကြေကွဲဖွယ် တိတ်ဆိတ်မှုဟာ
ဆည်းလည်းသံသီချင်းနဲ့
လေညင်းလေးတောင်မှ
ကြောက်ရွံ့စွာ ဖျားနေရှာခဲ့တယ်။

မွန်းကျပ်မှုတွေကြောင့်
အိုဇုန်းလွှာပါးပါးလာ
တနေ့တခြား ဒေါသကြီးလာတာက
လက်ဆုပ်လက်ကိုင်မိထားတဲ့ ကမ္ဘာကြီးပါပဲ။

mgyoe.com

mgyoe.com


ဘော်ငွေရောင် ကြိုးကြီးချိတ်နဲ့
ဇရာဝတီကတော့
ရာဇဝင်တွေကို သယ်ဆောင်ပြီး
ပင်လယ်တွေနဲ့ တွေ့ဆုံပွဲကို ခရီးထွက်ခဲ့ပေါ့။

စကားလုံး မရှိတဲ့
မိုးယိုပေါက်အကြည့်တွေနဲ့
ကြိုးမဲ့ရင်ခွင်တစ်လက်ကို
ထမ်းထွက်လာမယ့်ညဟာ ငါပေါ့။

နေကြာပန်းခင်းထဲ
ရေလောင်းပေါင်းသင်နေတဲ့
အလင်းရောင်ရဲ့အသံတွေက
ကြိုးကြာတွေနဲ့အတူ ပျံသန်းသွားကြပြီ။

စတိုင်သစ်မဂ္ဂဇင်း။ ဇွန်၊ ၁၉၉၅။
ချယ်ရီမဂ္ဂဇင်း။ အမှတ် ၄၉၊ ၁၉၉၉။

mgyoe.com

mgyoe.com


# မြော်နေတဲ့လူနာ

ဖိလစ်ပိုင်တောနက်လို
မျက်စိလည် သက္ကရာဇ်တွေရဲ့
ညစစ်စစ် ဆေးရုံပေါ်မှာ
လူတစ်ယောက်ဟာ
နှလုံးသွေး ရပ်သွားခဲ့တယ်။

တစ်ပွဲတိုးအပြုံးနဲ့
နှလုံးခုန်စက်ဟာ
အသက်ရှိခြင်းကို ကယ်တင်ခဲ့
ရှင်သန်ခြင်းရဲ့ကျေးဇူးရှင်တော့ မဖြစ်ခဲ့ပြန်ဘူး။

ရှင်သန်ခြင်းထဲမှာ
ခြေထောက် ပါတယ်
မျက်စိ ပါတယ်
နား ပါတယ်
ပါးစပ် ပါတယ်။

mgyoe.com

mgyoe.com


သတိလည်လာခိုက်
ကယောင်ကတမ်းနဲ့
ဟစ်အော် ကန့်ကြောက်
ငှါခြေထောက်တွေက မိုင်တွေကိုတော်
မျက်စိတွေက မြင်ကွင်းကျယ်ရုပ်ရှင်ကိုတော်
နားတွေက စကြဝဠာရဲ့အော်သံကိုတော်
ပါးစပ်က မြစ်တစ်စင်းကိုတော်
တော်တယ် တော်တယ်နဲ့
အဲဒီလူရဲ့ဝိညာဉ်ဟာ
နှလုံးခုန်နေတဲ့မြို့ကို လက်ပြနှုတ်ဆက်ပြီး
ရေကြည်ရာ မြက်နုရာ
ချင်ခြင်းရှာ လိပ်ပြာလွင့်တော့တယ်။

စာပေဂျာနယ်၊
ဇူလိုင်၊ ၁၉၉၅။

mgyoe.com

mgyoe.com


# အတွင်းအားစစ်တမ်း

ကျွဲရိုင်းလှိုင်း
ဒိုင်းကျောက်ဆောင်။

လေသင်တုန်း
ဆင်ကျိုးတောင်။

လှိုင်းကြက်ခွပ်မှာ
ကဗျာရွတ်နေတဲ့ ကျောက်ဆောင်။

လေပြည်ညင်းမှာ
သီချင်းဆိုနေတဲ့ တောင်။

mgyoe.com

mgyoe.com

အဲဒီလို သဘာဝရဲ့
သက်မဲ့လောကကြီးတောင်မှ
မီးလောင်တိုက်သွင်းဖို့
ရန်သူချဉ်းကပ်လာတဲ့မြို့လို
ကိုယ့်ရပ်တည်မှုတွက်
စက္ကန့်တွေကို ချစ်နေရသေးတာ
ရွက်ကျပင်ပေါက်ညတွေထဲ
ကျွန်ုပ်တို့ရဲ့ အသည်းနှလုံးကို
မီးအုံးပြီး ဆန်းစစ်ကြ
ဖီးနစ်ငှက်ရဲ့ တောင်ပံခတ်သံတွေ
(တဝုန်းဝုန်း)
ပဲ့တင်ထပ်နေဖို့တော့ လိုအပ်တယ်။

စာပေဂျာနယ်၊ ဇွန်၊ ၁၉၉၅။
ရွေးစာရင်းပါပြီး စိစစ်ရေးထိကဗျာ၊
လသာမဂ္ဂဇင်း။ နိုဝင်ဘာ၊ ၂၀၀၀။

mgyoe.com

mgyoe.com

## ခုတလော တွေ့တွေ့နေရတဲ့ယကြာ

ကိုယ့်ကိုယ်ကို ကြည့်မရတဲ့ ခုလိုညမျိုးမှာ
ကြည့်စမ်း အိမ်ဦးခန်းဟာ
နံရံတွေရဲ့ ကျန်းမာရေးကို
ဖာထေးပြီး ဆေးပြန်သုတ်
ဟန်လုပ် ပြုံးပြနေတတ်လိုက်တာ။

ကျိတ်ပုန်းလေး အထီးကျန်လိုက်ပုံကလည်း
ဆေးပေးမီးယူဆိုလို့
ခွေးခြေပုလေးတစ်လုံးပဲ တွေ့ရ။

အဲဒီ ခွေးခြေပုလေးဟာ
ခြံဝကင်းတဲမှာ သဘာဝကျကျ
ညတွေကို ရေတွက်ခဲ့ဖူးတဲ့ကောင်လေ။

အရေးပေါ်ဖျားနာတဲ့ မုန်တိုင်းတွေမှာ
မူရင်းဒီဇိုင်းမပျက်
ပင်လယ်လှိုင်းလုံးတွေလို ပြေးတက်လာ
နောက်ဆုံး ဆေးပေးမီးယူဖြစ်လာတဲ့
ရာဇဝင်နဲ့ကောင်ပဲပေါ့။

mgyoe.com

mgyoe.com

ခုတော့ အိမ်ဦးခန်း ဖြစ်ရပုံများ
ဘုရား ကြိုက်မကြိုက်တော့ မသိဘူး
အဲဒီ ခွေးခြေပုလေးပေါ်မှာ
အစိမ်းရင့်ရင့် အရက်ပုလင်းဟာ
ဘာရန်နဲ့မှ မသင်းတဲ့
နှင်းဆီနီတစ်ပွင့်ကို ပန်ရင်း
ခပ်တည်တည်နဲ့ နဂါးနီသီချင်းတောင် ဆိုညည်းလို့။

မျက်ပေါက်ကျဉ်းနေတဲ့
ပြတင်းတံခါးရဲ့
သွေးအားနည်း အလင်းရောင်ထဲမတော့
အိမ်မြှောင်တွေ တစ်ကောင်ပြီးတစ်ကောင်
အတောင်ပေါက်ပြီး ပျံသွားတယ်။

**စာပေဂျာနယ်၊ ဒီဇင်ဘာ၊ ၁၉၉၅။**
**ရွေးစာရင်းပါပြီး စိစစ်ရေးထိကဗျာ။**
**ချယ်ရီမဂ္ဂဇင်း။ ဧပြီ ၂၀၀၃။**

mgyoe.com

mgyoe.com

# ဝါဆိုဝါခေါင် ရေဖောင်ဖောင်

သပြေသီးမှည့်ဝိုင်နဲ့
ချွေးနဲ့လှိုင်နေတဲ့ ဇရာဝတီဟာ
ရေချိန်လွန် ပျို့အန်ရင်း
သီးကင်းတွေ ချွေနေပြန်ပါပေါ့။

ရာသီအားကိုး
မိုးကောင်းခြင်းတပ်ပေါင်းစုနဲ့
ကမ်းတက်တိုက်ပွဲ
ဆင်နွဲသိမ်းပိုက်လာတဲ့ 'မင်း'
အတ္တကင်းကင်း
နေရာမှန်စီးမျောခြင်းကို မြတ်နိုး
တိတ်တခိုး မေးထောက်ငေးကြည့်
ချစ်မိတဲ့ တစ်ရွာလုံးကတော့
စုံးစုံးမြုပ်ရပြန်ပြီ။

နေမင်းဟာ
ကဲလားတံခါးကို လာတွန်း
ရေမွန်းတဲအိမ်လေးတွေ
ပင်လယ်ဝေ အိပ်မောကျလို့။

mgyoe.com

mgyoe.com


ဒီလိုနဲ့
လမ်းမဗွက်ပေါက်
နုန်းအောက်ကောက်ပင်တွေနဲ့
အသက်ရှင်ရဦးမယ့် ရွာကလေးဟာ
ပွဲဈေးခင်း ကွာရှင်းသွားတဲ့ နေရာလိုပါပဲ။

အိမ်ပြန်ကမ်းနဖူးမှာတော့
သင်ဖြူးခင်းပြီး
သီချင်းလေး တအေးအေးနဲ့
ဒူးနှန့်နေမယ့် ဇရာဝတီဟာ
သူ မဟုတ်သလို
တယောထိုးနေဦးမှာ သေချာရဲ့။

**အရိန္ဒမာမဂ္ဂဇင်း။**

**ဒီဇင်ဘာ၊ ၁၉၉၅။**

mgyoe.com

mgyoe.com

# ချောတိုင်တက်ပွဲ

နေခြည်မှာ
မာယာဆီတွေ တလက်လက်
ခြေရာကို ဝှက်ထား
လက်ဖျား အေးစိမ့်စိမ့်နဲ့
မိန့်မိန့်ကြီးပြုံးနေတဲ့ တိုင်တစ်လုံးဟာ
ရှုံးပွဲမရှိ စိန်ခေါ်လို့။

ဂိုလန်ကုန်းမြင့်ယိမ်းမှာ
ပွဲသိမ်းတပ်တွေ
ကခုန်နေသလိုမျိုး
မာန်ခိုးတက်မျက်နှာ
လျှာနှစ်ခွနဲ့ အလံချွန်ကလေးကတော့
သိန်းစွန်ငှက်တစ်ကောင်လို
တိုင်ထိပ်မှာ တောင်ပံတွေခတ်လို့။

တစ်ခေါင်းလုံး ဖွေးနေတဲ့
နေသက်ကျားအိုတောင်
ဖားလျားချထားတဲ့
သူ့ဆံစတွေကို မျက်မုန်းကျိုး
ဆေးဆိုးတော့မယ်။

mgyoe.com

mgyoe.com


ပွဲကြည့်ပရိသတ်တွေကတော့
ပြည့်ကျပ်နေတဲ့ ဘောလုံးကွင်းလို
ညခင်းများတောင် မေ့လို့။

တိုင်ခြေရင်း
ယုံကြည်ခြင်းချွေးစီးကြောင်းထဲ
ခါးတောင်းမြှောင်အောင် ကျိုက်ထားတဲ့
ထိုးကွင်းမင်ကြောင်တစ်သိုက်ကတော့
တိမ်တိုက်တွေကို ကုတ်ဖဲ့
ကောင်းကင်ကို ဒူးနဲ့တိုက်မယ့်ဇွဲနဲ့
သဲသဲမဲမဲ
ပွဲကွင်းထဲမှာ
"ကြက်မျက်သင့်သူ မပါကြေး" တဲ့။

ချယ်ရီမဂ္ဂဇင်း။

ဒီဇင်ဘာ၊ ၁၉၉၅။

mgyoe.com

mgyoe.com


# အမှုစစ်သီဝရီ

၁

လှိုင်း ဖြစ်နေတဲ့အခါ
မြစ်ကမ်းပါးရဲ့ သံချင်းခေါက်သံကို မကြားရဘူး။
ပင်လယ် ဖြစ်နေတဲ့အခါ
မြစ်တစ်စင်းရဲ့ စာတမ်းဖတ်သံကို မကြားရဘူး။
မုန်တိုင်း ဖြစ်နေတဲ့အခါ
သစ်တစ်ပင်ရဲ့ ငှက်ဖျားတက်သံကို မကြားရဘူး။

၂

တောမီးလောင်တဲ့အခါ
ကြောင်တစ်ကောင်ရဲ့ခြေသံကို မကြားရဘူး။
ပွဲလန့်နေတဲ့အခါ
ဖျာတစ်ချပ်ရဲ့ လက်ဖျစ်တီးသံကို မကြားရဘူး။
နေ့ အသက်ငင်နေတဲ့အခါ
ညဥ့်ငှက်ရဲ့ တောင်ပံခတ်သံကို မကြားရဘူး။

mgyoe.com

mgyoe.com


၃
ကမ္ဘာကြီးရဲ့
နားကြပ်ဖြုတ်ထားတဲ့ နားအစုံကို
ဝတ်မှုန်နှုတ်ခမ်း လိပ်ပြာနမ်းသလိုပ
ရာဇဝင်ပဲ့တင်
ကျပ်စင်ပေါ်က အသံတွေဟာ
ဣန္ဒြေသိက္ခာနဲ့
စကြဝဠာရဲ့ နှလုံးသားဆီ
သီဝရီအလိုအရ
ထာဝရအတွက် လမ်းဆက်လျှောက်နေခဲ့ကြ။

စတိုင်သစ်မဂ္ဂဇင်း။
ဒီဇင်ဘာ၊ ၁၉၉၅။

mgyoe.com

mgyoe.com


# ကောက်ရိုတ်သိမ်းရာသီ

ဝါကြင့်ကြင့်နေခြည်ရဲ့
အမောဖောက်လေပြည်မှာ
နှစ်ဆယ်ရာစုဟာ
ဘယ်ညာယိမ်းနွဲ့
ပင်မှည့်တေးကို သီကျူးနိုင်ခဲ့ပြန်တယ်။

ဖုန်တထောင်းထောင်း
ချောင်းတဟွတ်ဟွတ်နဲ့
ကောက်ပင်တွေ ကိုင်းညွတ်လာခဲ့ကြ
ဘယ်သူ ရာဇဝင်သူရဲကောင်း ဖြစ်ခဲ့ပါသလဲ
ဒါဟာ သီချင်းဟောင်းတွေနဲ့ အပ်ကြောင်းထပ်
ဖားသူငယ်ပြဇာတ်ထဲက
အလွတ်မှတ်ထားတဲ့ စကားလုံးတွေပါပဲ။

ရှေးရိုးတွေကို လှဲလှဲချရင်း
အနာဂတ်မျိုးစေ့တွေ
တစ်ခါတည်း ထွက်ထွက်လာစေတဲ့
ဟောဒီ ကောက်ရိုတ်စက်တွေကတော့
ကိုယ်ဖော့လာတဲ့ ဆောင်းရဲ့
စွပ်ဖားကြောင်းတွေလို
ဥဒဟို ခုတ်မောင်းခဲ့ကြပြီ။

mgyoe.com

mgyoe.com


ညတစ္ဆေရဲ့
နာရီတွေကို ရပ်ဆိုင်းခဲ့ကြ
မုန်တိုင်းကို လှည့်စားခဲ့ကြ
မိုးခါးကို တိုးထွက်ခဲ့ကြပြန်တယ်။

အဲဒါ နောင်ရိုးပဲပေါ့
သီဝရီ အသိုးတွေနဲ့
စိတ်ဆိုးနေတဲ့ ဥစ္စာစောင့်တွေကို
ကြောင့်ကြမနေကြစမ်းပါနဲ့။

ငါတို့ခြေရာနက်နက်တွေကိုလည်း
ဖျက်မပစ်ကြစမ်းပါနဲ့။

ကန်သင်းရိုးပေါ်မှာ
စကားထာဝှက်နေတဲ့
ကြက်တူရွေးတစ်ကောင်ရဲ့
သိုလှောင်ရုံကို ပို့ပေးလိုက်ကြရုံပါပဲ။

**စံပယ်ဖြူမဂ္ဂဇင်း။**

**ဖေဖော်ဝါရီ၊ ၁၉၉၆။**

mgyoe.com

mgyoe.com


# အဆုတ်များရဲ့ရာဇဝင်

အဆိပ်ငွေ့ဟာ
ခန္ဓာအတွက် သေဆေး
ဝိညာဉ်အတွက် အားဆေးဖြစ်သွားတဲ့အခါ
ကမ္ဘာကြီးဟာ နာကြည်းချက်လက်ထဲမှာ
ဂေါ်လီလုံးလေး ဖြစ်သွားခဲ့တယ်
အိုက်ခမန်းလည်း ငုတ်တုတ်ကလေး
လည်စင်းပေးခဲ့ရတယ်။

လေဟာ
အောက်စီဂျင်ကြိုက်တဲ့
အဆုတ်တွေအတွက် လိုအပ်ခဲ့ပြီး
ကောင်းကင်ဖန်လုံအိမ်ကြီးထဲမှာ
စည်းချက်မမှန် ရင်ခုန်သံကွဲအက်
ခွဲထွက် ဆုတ်ဖြဲ ဟစ်အော်ရင်း
သူကတော့ ကမ္ဘာ့ဆွဲငင်အားမဲ့
လွင့်မျောနေတဲ့ အရာကို
ကဗျာ့ဆွဲငင်အားနဲ့
ပုံမှန်အတိုင်း လမ်းလျှောက်
အာကာသထဲမှာ
ပန်းကောက်ခိုင်းမယ်လို့ ဆိုတယ်။

mgyoe.com

mgyoe.com


လက်သုံးဓာတ်ပြားဟောင်း
အပ်ကြောင်းထပ်ဂီတနဲ့
ဗီဇစိတ် မုန်တိုင်းဝင်
ဆင်တစ်ကောင်ကို ဘေးချိတ်
ကျောပိုးအိတ်ထဲမှာ
စာရန့်လေးသာ ငွေ့ငွေ့ရှိ
ဒိုင်နိုဆော ကျောက်ဖြစ်ရုပ်ကြွင်းတောင်
ဟောဒီ ကမ္ဘာကြီးထဲမှာ
တစ်စ မကြွင်းစေရဘူးတဲ့
အဲဒီ အဆုတ်က ကြုံးဝါးနေခဲ့တယ်။

မြန်မာ့ရုပ်ရှင်စာစောင်၊ ဧပြီ၊ ၁၉၉၆၊
စိစစ်ရေးထိကဗျာ။

mgyoe.com

mgyoe.com



# အညာဆန်သဘော်

နာရီပျက်နေတဲ့
သက္ကရာဇ်ရှက်တွေ
တစ်ရွက်ပြီးတစ်ရွက် ကြွေကြွေကျ
ညကို ကင်းထောက်
ကျောက်ချထားရတဲ့ ရင်ခွင်။

ခရီးဆုံးအောင် သွားမှာပါတဲ့
ဇရာဝတီကို ယုံပြီး
ဒိုင်ယာရီကုန်တွေနဲ့
ရေစုန်မျှောချ
မြို့ပြမာယာမှာ
ဗီဇာမလိုပဲ ကမ်းတင်ခဲ့
(ဘကြီးအောင်ရေ...)
ကဗျာတစ်စင်း အညာမိခဲ့။

အေးပေါ့လေ
လှောင်ကုန်တို့ရဲ့ထုံးစံ
အချိန်တန် ဈေးကောင်းရရမှာပေါ့
ခုတော့ ဝေဒနာအိတ်စိုက်
အနာဂတ်ကို ပိုက်ပြီး ပြန်ခဲ့တယ်။

ကလျာမဂ္ဂဇင်း။
ဇူလိုင်၊ ၁၉၉၆။

mgyoe.com

mgyoe.com


# မြေပုံညွှန်း

အဲဒီ ညနေခင်းလမ်းကြောလေးအတိုင်းသာ
ခြေရာတွေ
ပျံ့သန်းသွားမယ်ဆိုရင်တော့
မန္တလေးအခေါ် တစ်ပြလောက်ကအိမ်ဟာ
ဆည်းဆာတို့အိမ်ပေါ့။

သူ့ကိုယ်သူ စည်းချထားတဲ့
အထီးကျန်မှုရဲ့ခေါင်မိုးပေါ်
ကျီးတစ်အုပ်က ပြုံကျလို့။

ပါးချပ်တပ်
ခြေကုန်လက်ပန်းကျ ခလောက်သံဟာ
မှော်လင့်ချက်တွေ စားမြုံ့ပြန်ချင်တာလေးနဲ့
ခြံဝမှာ လုယက်တိုးဝှေ့
ထမ်းပိုးမေ့ပွဲတော် ခင်းကျင်းနေလိုက်ကြတာ။

mgyoe.com

mgyoe.com


တစ္ဆေတစ်ကောင်လို
အိမ်ကို မိုးနေတာက
ဖိုထိုးနေတဲ့ ညောင်ပင်အိုအိုကြီးပေါ့
တွေးတွေးပြီး ကျောချမ်းအောင်
လေသရမ်းက မားသွေးကောင်းတယ်လေ။

အရိပ်ကျတဲ့ဘက်မှာတော့
ရွက်လှင့်ခြင်းကို သပ်ချ
တဖြုတ်ဖြုတ် အစိမ်းကြွေ
စံပယ်တွေရဲ့မြေလူးသံ ညံ့လို့။

မော့ကြည့်လိုက်စမ်းပါဦးကွဲ့
ညကို ခေါင်းမြီးခြုံအိပ်
အတိတ်မေ့ရောဂါရနေတဲ့
ကောင်းကင်ရဲ့ဟောက်သံ ကြားရပြန်ဦးမယ်။

ညဥ့်နက်လို့ ကံကောင်းရင်ပေါ့
အိမ်ရှေ့တလင်းပြောင်ပြောင်မှာ
လရောင်ရဲ့ အလင်းစ ကျကွဲသံ
ကြားကောင်း ကြားရနိုင်တယ်။

mgyoe.com

mgyoe.com


ကဲ ဒီလောက်ဆို
သေချာပေါက်လို့ ယုံပါ
$PH_7$ သောက်ပြီး ဖျားနာနေတဲ့ ကောင်မလေးရေ
မင်း သွားတော့မှာလား
ဘီးလိမ့်စ အပြေးနှုတ်ဆက်ရသလိုမျိုး
နောက်ဆုံးကြိုးတစ်စ တင်းမိတယ်
တိုင်းရင်းဆေးမှာ မိုးခါးရေ မလိုဘူး
ကလေးရယ် ပြောရင်းဆိုရင်းနဲ့
ဆောခရတ္တိအဆိပ်တက်နေတဲ့ ငှါဦးခေါင်းပေါ်
သဲကန္တာရမြေခွေး
ရိုးမဲလ်လို တိမ်တွေက
တစ်မိုးလုံး မှိုင်းပစ်လိုက်ပြန်ပြီ။

**သောင်းပြောင်းထွေလာရယ်စရာမဂ္ဂဇင်း၊**
**အောက်တိုဘာ၊ ၁၉၉၆၊**

mgyoe.com